**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

# လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်( SOP)ထုတ်ပြန်ခြင်း

**သတင်းလွှာ ( ၂ /၂၀၁၈)**

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၂၆ ရက်

အကြောင်းအရာ။ **လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်( SOP)ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကားရောင်းချခွင့်ပြုကြောင်း လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့် တကွ ၉.၅.၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ ဖြင့် အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအရ ပြည်တွင်းတွင် လက်လီ/လက်ကားရောင်းချခြင်း လုပ်ငန်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများ၊ မြန်မာနိုင်ငံသားကုမ္ပဏီများအနေဖြင့် လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရာတွင် ရှင်းလင်းလွယ်ကူစွာ သိရှိဆောင်ရွက်နိုင်ရေးအတွက် လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်(SOP) ကို ပူးတွဲပါအတိုင်း သတ်မှတ်ထုတ်ပြန်လိုက်သည်။

၃။ သို့ပါ၍ လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် လျှောက်ထားလိုသည့် နိုင်ငံခြားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ မြန်မာနိုင်ငံသားကုမ္ပဏီများအနေဖြင့် ပူးတွဲပါလုပ်ငန်းစဉ်(SOP) ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်း မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်(SOP)ကို လိုအပ်ပါက ပြန်လည်သုံးသပ်၍ ပြင်ဆင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

ပူးတွဲအစ

# အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ ဖြင့် ထုတ်ပြန်သော
# လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်
# (Standing Operating Procedure-SOP)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)၊ ကုမ္ပဏီအုပ်စုသတ်မှတ်ခြင်း | ၁ - ၂ |
| ၂။ | အခန်း(၂) ၊ လက်လီ/လက်ကားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် | ၂ - ၆ |
| ၃။ | အခန်း(၃)၊ကုန်ပစ္စည်းအပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏအတွက် အနိမ့်ဆုံးသတ်မှတ်ချက် | ၆ - ၉ |
| ၄။ | အခန်း(၄)၊ ကြမ်းခင်းမြေအကျယ်အဝန်း | ၁၀ |
| ၅။ | အခန်း(၅) ၊ လုပ်ငန်းခွဲ သို့မဟုတ် ဆိုင်ခွဲဖွင့်လှစ်ခြင်း | ၁၁ |
| ၆။ | အခန်း(၆) ၊ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်သက်တမ်း | ၁၂-၁၄ |

## အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ ဖြင့် ထုတ်ပြန်သော

## လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်

## (Standard Operating Procedure – SOP)

၁။ ဤလုပ်ငန်းစဉ် (Standard Operating Procedure-SOP)သည် လက်လီ/လက်ကား ရောင်းချသူအဖြစ် မှတ်ပုံတင်ရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် အဆိုပါလုပ်ငန်းစဉ်အတွက် လိုအပ်သောအထောက်အထားများနှင့် ကျသင့်ငွေများကို ဖော်ပြထားပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဤ SOP ကို လိုအပ်ပါက ပြင်ဆင်သွားမည်ဖြစ်သည်။

### အခန်း(၁)

### ကုမ္ပဏီအုပ်စုသတ်မှတ်ခြင်း

၂။ လက်လီ/လက်ကားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် လျှောက်ထားသည့် ကုမ္ပဏီအုပ်စုအမျိုးအစားပေါ်မူတည်၍ ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီအုပ်စု ၄ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) အသစ်တည်ထောင်မည့်နိုင်ငံခြားသားအပြည့်အဝကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီ (နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ)**

လက်လီ/လက်ကား ရောင်းချသူအဖြစ် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် မှတ်ပုံတင်မည့်နိုင်ငံခြားသားအပြည့်အဝ(၁၀၀%)ပိုင်ဆိုင်သည့် ကုမ္ပဏီများ၊ နိုင်ငံခြားသားနှင့် နိုင်ငံသား ပေါင်းစည်းဆောင်ရွက်သည့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများသည် ဤအုပ်စုတွင် အကျုံးဝင်သည်။

**(ခ) ကုမ္ပဏီတည်ထောင်ထားပြီးသော နိုင်ငံခြားသားအပြည့်အဝကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီ (နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ)**

မြန်မာနိုင်ငံတွင် ကုမ္ပဏီတည်ထောင်ထားပြီးဖြစ်သော်လည်းလက်လီ/လက်ကားရောင်းချခွင့်မရှိသေးသဖြင့် လက်လီ / လက်ကားရောင်းချသူအဖြစ် မှတ်ပုံတင်မည့် နိုင်ငံခြားသားအပြည့်အဝ(၁၀၀%)ပိုင်ဆိုင်သည့်ကုမ္ပဏီများ၊ နိုင်ငံသားနှင့်ပေါင်းစည်း ဆောင်

ရှက်သည့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများသည် ဤအုပ်စုတွင် အကျုံးဝင်သည်။

**(ဂ) လက်လီ/လက်ကားလုပ်ကိုင်ခွင့်ရရှိပြီးဖြစ်သည့် နိုင်ငံခြားသားအပြည့်အဝကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီ (နိုင်ငံခြား ဖက်စပ် ကုမ္ပဏီများ)**

MIC ခွင့်ပြုမိန့်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားသားများအတွက် လက်လီ/လက်ကား ရောင်းချ ခွင့်ပြုသော ယခင်ထုတ်ပြန်ထားသည့်အမိန့်ကြော်ငြာစာများအရဖြစ်စေ လက်ရှိတွင် မြန်မာနိုင်ငံ၌ လက်လီ/လက်ကား ရောင်းချခွင့်ရရှိပြီးသော နိုင်ငံခြားသား အပြည့်အဝ (၁၀၀%) ပိုင်ဆိုင်သည့်ကုမ္ပဏီများ၊ နိုင်ငံသားနှင့်ပေါင်းစည်းဆောင်ရွက်သည့် နိုင်ငံခြား ဖက်စပ်ကုမ္ပဏီများသည် ဤအုပ်စုတွင် အကျုံးဝင်သည်။

**(ဃ) ဤအမိန့်ကြော်ငြာစာအရအကျုံးဝင်သောလက်လီ/လက်ကားဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကုမ္ပဏီများ**

ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇)သိန်းနှင့်အထက် (သို့မဟုတ်) ယင်းနှင့် ညီမျှသည့် မြန်မာကျပ်ငွေဖြင့် လက်လီ/လက်ကားလုပ်ကိုင်နေသည့် နိုင်ငံသားကုမ္ပဏီ များသည် ဤအုပ်စုတွင် အကျုံးဝင်သည်။ ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ (၇)သိန်း အောက် ဆောင်ရွက်နေသည့် နိုင်ငံသားကုမ္ပဏီများသည် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လက်လီ/လက်ကားမှတ်ပုံတင်ရန် မလိုအပ်ပါ။

## အခန်း(၂)

## လက်လီ/လက်ကားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

၃။ ဤလုပ်ငန်းစဉ်သည် ကုန်ပစ္စည်းများကို သတ်မှတ်ခွင့်ပြုထားသော ဆိုင်/နေရာတွင်သာ လက်လီ/လက်ကားရောင်းချရန်အတွက်ဖြစ်ပြီး ရွေ့လျားသွားလာ၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူ သည့်နေရာသို့ အရောက် (door to door)ဖြန့်ဖြူး ရောင်းချခြင်းတို့နှင့် သက်ဆိုင်မှုမရှိပါ ။ ထို့အပြင် စားသောက်ဆိုင်နှင့် လက်ဘက်ရည်/ကော်ဖီဆိုင်များကဲ့သို့သော စားသောက်ကုန်နှင့် အဖျော်ယမကာ အပါအဝင် အခြားသောဝန်ဆောင်မှုများသည်လည်း အကျုံးဝင် သက်ဆိုင်မှု မရှိပါ။

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရရှိသူ၏ အခွင့်အရေး**

၄။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရရှိသူသည်၎င်းလုပ်ငန်းတွင် လက်လီ/လက်ကားရောင်းချဖြန့်ဖြူးရန်အတွက် ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းလိုပါက ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ဖြင့် တင်သွင်းခွင့်ရှိသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လက်လီ/လက်ကားရောင်းချခွင့်ပြုသည့် ဦးစားပေးကုန်ပစ္စည်းများစာရင်းတွင် ပါဝင်သည့်ပစ္စည်းများကို နိုင်ငံတစ်ဝန်းလုံးတွင် လက်လီ/လက်ကား ရောင်းချခွင့်ရှိသည်။

**လျှောက်ထားခြင်း**

၅။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်လျှောက်လွှာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.commerce.gov.mm တွင် အခမဲ့ (free download) ရယူနိုင်သည်ဖြစ်ပြီး အဆိုပါလျှောက်လွှာကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ မိတ္တူ ၂ စောင်နှင့်အတူ သတ်မှတ်အထောက်အထားများဖြင့် ပူးတွဲတင်ပြရမည်။

၆။ ကုမ္ပဏီတစ်ခုသည် လက်လီရောင်းချခွင့်ကိုသော်လည်းကောင်း၊ လက်ကားရောင်းချခွင့်ကိုသော်လည်းကောင်း၊လက်လီနှင့်လက်ကားရောင်းချခွင့် နှစ်မျိုးလုံးကိုသော်လည်းကောင်း လျှောက်ထားနိုင်သည်။ လက်လီနှင့်လက်ကားရောင်းချခွင့် နှစ်မျိုးလုံး လျှောက်ထားမှုအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏသည် လက်လီရောင်းချခွင့်အတွက် သတ်မှတ်ထားသော အနည်းဆုံး ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လက်ကားရောင်းချခွင့်အတွက် သတ်မှတ်ထားသော အနည်းဆုံး ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ နှစ်ခုပေါင်းပမာဏကို တွက်ချက်ရမည်။

**ရောင်းချခွင့်ပြုသောဦးစားပေးကုန်ပစ္စည်းစာရင်း**

၇။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံသားနှင့်နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများအား လက်လီ/လက်ကားရောင်းချခွင့်ပြုသော ဦးစားပေးကုန်ပစ္စည်းစာရင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

**မှတ်ပုံတင်နိုင်သည့် နေရာ**

၈။ ကုမ္ပဏီအုပ်စု **က၊ ခ နှင့် ဂ** တို့သည် နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရမည်။

၉။ ကုမ္ပဏီအုပ်စု **ဃ** သည် အောက်ပါတစ်နေရာရာတွင် လျှောက်ထားနိုင်သည်-

(က) ရန်ကုန်မြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊

(ခ) မန္တလေးမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) ၊

(ဂ) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရာတွင် တင်ပြရမည့်အထောက်အထား စာရွက်စာတမ်းများ**

၁၀။ ကုမ္ပဏီအုပ်စု **က၊ ခ နှင့် ဂ** တို့သည် လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်အား အောက်ပါအထောက်အထားစာရွက်စာတမ်းများနှင့်တကွ တင်ပြလျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) MIC ၏အတည်ပြုမိန့်/ခွင့်ပြုမိန့်(မိတ္တူ)၊
(MIC ၏ ခွင့်ပြုချက် သို့မဟုတ် အတည်ပြုမိန့်ရယူဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအတွက်သာ)

(ဂ) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ထောက်ခံချက်၊

(ဃ) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမည့်ကုန်ပစ္စည်းအုပ်စုစာရင်း၊

(င) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းများ၏ အနည်းဆုံး ၅ နှစ်တာ အတွက် လုပ်ဆောင်မည့် အောက်ပါအချက်များပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုစီမံချက် (Business Plan for 5 years) -

(၁) ရင်းနှီးမြှုပ်နှံမှုငွေပမာဏ (ကနဦးရင်းနှီးမြှုပ်နှံမှုနှင့် နောက် ၅ နှစ်အတွင်း လုပ်ငန်းလည်ပတ်ရန် ဖြည့်သွင်းမည့်ပမာဏ)

(၂) ရောင်းချမှု၊ ဖြန့်ဖြူးမှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်၊

(၃) တည်နေရာနှင့်အကျယ်အဝန်း၊

(၄) လက်လီ/လက်ကားရောင်းချခွင့်အမိန့်ကြော်ငြာစာပါ အလုပ်အကိုင်ဖန်တီးရေး၊ နည်းပညာမြှင့်တင်ရေး၊ စားသုံးသူအတွက် အရည်အသွေးကောင်း၍ ဈေးနှုန်းသက်သာမှုဆိုင်ရာ ရွေးချယ်ခွင့်ရှိရေး၊ ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများကို မြှင့်တင်ရေးအစရှိသည့် ရည်ရွယ်ချက်များကို ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖော်ပြချက်အကျဉ်း၊

(စ) နောက်ထပ်ဆိုင်သစ်ဖွင့်လှစ်ရန် ရည်ရွယ်ထားသောဆိုင်အရေအတွက်နှင့် တည်နေရာ (နေရာအတိအကျဖော်ပြနိုင်ပါက ဖော်ပြပေးရန်)

(ဆ) ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ဖြည့်သွင်းပြီးကြောင်း ပြသနိုင်သည့် ယင်းဘဏ်မှ ထုတ်ပေးသည့်အထောက်အထား၊ (အကယ်၍ လာရောက်လျှောက်ထားချိန်တွင် ကနဦးရင်းနှီးမြှုပ်နှံမှု ပမာဏအတွက် ဘဏ်မှ ထုတ်ပေးသည့်အထောက်အထားကို ပြသနိုင်ခြင်းမရှိပါက လက်လီ/လက်ကားရောင်းချခွင့် ယာယီမှတ်ပုံတင်ကိုသာ ထုတ်ပေးမည်ဖြစ်ပြီး၊ တစ်လအတွင်း ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ငွေလွှဲပြောင်း/ဖြည့်သွင်းပြီးဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ပြီးမှသာလျှင် လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်ကို ထုတ်ပေးမည်ဖြစ်သည်)

မှတ်ချက်။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် နိုင်ငံသားများကို ဦးစားပေးခန့်ထားရမည်ဖြစ်သည်။

၁၁။ ကုမ္ပဏီအုပ်စု **ဃ** သည် လက်လီ/ လက်ကားရောင်းချခွင့်မှတ်ပုံတင်အား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ရက်ပေါင်း ၁၅၀ အတွင်း အောက်ပါအထောက်အထားများနှင့်တကွ တင်ပြ လျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖော်ပြချက် -

(၁) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးလျက်ရှိသည့်ကုန်ပစ္စည်းအုပ်စုစာရင်း၊

(၂) လွန်ခဲ့သည့်တစ်နှစ်အတွင်း လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းတွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ငွေပမာဏ၊

(၃) ရောင်းချမှု၊ ဖြန့်ဖြူးမှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်၊

(၄) တည်နေရာနှင့်အကျယ်အဝန်း၊

(ဂ) ရောင်းချဖြန့်ဖြူးလျက်ရှိသည့် အခြားဆိုင်များရှိပါက ဆိုင်အရေအတွက်နှင့် အဆိုပါ ဆိုင်များတွင် ရောင်းချဖြန့်ဖြူးလျက်ရှိသည့် ကုန်ပစ္စည်းအုပ်စုစာရင်း၊ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ဖော်ပြချက်။

## အခန်း(၃)

## ရောင်းချမည့်ကုန်ပစ္စည်းအပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏအတွက် အနိမ့်ဆုံးသတ်မှတ်ချက်

၁၂။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းမှတ်ပုံတင် ရရှိထားသည့်ကုမ္ပဏီများသည် အမိန့်ကြော်ငြာစာပါ ရောင်းချမည့် ကုန်ပစ္စည်းအပေါ် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှု ပမာဏအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ကုမ္ပဏီအုပ်စုအမျိုးအစားအလိုက်ကနဦးရင်းနှီးမြှုပ်နှံမှုအတွက် အနိမ့်ဆုံးထည့် ဝင်ဆောင်ရွက်နိုင်သည့် သတ်မှတ်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်-

(က) ကုမ္ပဏီအုပ်စု **က နှင့် ခ** သည် ရောင်းချမည့်ကုန်ပစ္စည်းအတွက် အနည်းဆုံးရင်းနှီး မြှုပ်နှံရမည့် ပမာဏမှာ မြေငှားရမ်းခမပါဝင်စေဘဲ အောက်ပါအတိုင်း ဖြစ်သည်-

| **သတ်မှတ်ကာလ** | **ဖြည့်သွင်းရမည့် အနည်းဆုံးပမာဏ** |
|---|---|
| လက်လီ/လက်ကားမှတ်ပုံတင်လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း | ရောင်းချမည့်ကုန်ပစ္စည်းအပေါ်စုစုပေါင်း ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်း ဆုံး ၅၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းဖြည့်သွင်းပြီးကြောင်း အထောက်အထား တင်ပြရန် |
| ဒုတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ်စုစုပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်း ဆုံး ၈၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှု ဒုတိယနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန် |
| တတိယနှစ် | ရောင်းချမည့် ကုန်ပစ္စည်းအပေါ်စုစုပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ၁၀၀ % အား ပြည့်မီရန် ကျန်ပမာဏအား ပြည်ပမှ ပြည်တွင်း |

| | |
|---|---|
| | ဘဏ်တစ်ခုခုသို့ ဖြည့်သွင်းထားရမည် ဖြစ်ပြီး ယင်းဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည် ပတ်မှုတတိယနှစ်၏ နောက်ဆုံးလ အတွင်း နောက်ဆုံးထား ၍တင်ပြရန် |

(ခ) အကယ်၍ ကုမ္ပဏီအုပ်စု **ခ** သည် ပြည်တွင်းတွင် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပြီး အဆိုပါထုတ်ကုန်များအပြင် ပြည်ပမှ ကုန်ပစ္စည်းများကိုပါ တင်သွင်း ရောင်းချမည်ဆိုပါက ရောင်းချမည့်ကုန်ပစ္စည်းများအတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံ ရမည့် ပမာဏမှာ မြေငှားရမ်းခမပါဝင်စေဘဲ အောက်ပါအတိုင်းဖြစ်သည်-

| သတ်မှတ်ကာလ | ဖြည့်သွင်းရမည့် အနည်းဆုံးပမာဏ |
|---|---|
| လက်လီ/လက်ကားမှတ်ပုံတင် လျှောက်ထားသည့်နေ့မှ ရက် ၃၀ အတွင်းနှင့် ပထမနှစ် အတွင်း | လုပ်ငန်းစတင်လည်ပတ်ချိန်မှစ၍ ပထမနှစ် အတွင်း ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှုပ မာဏ၏ အနည်းဆုံး ၅၀% ကို ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါ အတိုင်း နှစ်ခါခွဲ၍ ဖြည့်သွင်း ဆောင်ရွက်နိုင်သည်-<br>- အဆိုပါပမာဏအတွက် မှတ်ပုံတင်လျှောက် ထားချိန်တွင် လက်လီ/လက်ကားရောင်းချ ဖြန့်ဖြူးမည့် ပြည်တွင်းထုတ်ကုန်ပစ္စည်း၏ တန်ဖိုးဖော်ပြချက်အထောက်အထားနှင့်အတူ နိုင်ငံခြားကုမ္ပဏီများအတွက် သတ်မှတ်ထား သော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်း |

| | |
|---|---|
| | ဆုံး ၂၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းလွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း အထောက်အထားတင်ပြရန်၊ (ရက် ၃၀ အတွင်း)<br>- ကျန် ၃၀% ကို ပထမတစ်နှစ်အတွင်း ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းရန်နှင့် ဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှု ပထမနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |
| ဒုတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်းကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်းဆုံး ၈၀ % အား ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းလွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှုဒုတိယနှစ်၏ နောက်ဆုံးလ အတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |
| တတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်းကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ၁၀၀ % ပြည့်မီရန် ကျန်ပမာဏအား ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်း |

| | |
|---|---|
| | လွှဲပြောင်း/ဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှုတတိယနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |

(ဂ) ကုမ္ပဏီအုပ်စု **ဂ** သည် ရောင်းချမည့်ကုန်ပစ္စည်းအတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့် ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လက်လီ/လက်ကားရောင်းချမှုစတင်သည့်နေ့မှ မှတ်ပုံတင်လျှောက်လွှာတင်မည့်ရက်(၃၀)မတိုင်မီနေ့ အထိရှိသောရောင်းချသည့်ကုန်ပစ္စည်းအပေါ် ရင်းနှီးမြှုပ်နှံထားသည့် ပမာဏကို အထောက်အထားနှင့်တကွ မှတ်ပုံတင်လျှောက်ထားချိန်တွင် ဖော်ပြရန်။

(၂) အကယ်၍ သတ်မှတ်ရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည့်မီမှုမရှိသော ကုမ္ပဏီများသည် လက်လီလက်ကားရောင်းချခွင့်မှတ်ပုံတင်သည့်နေ့မှစ၍ ၅ နှစ်အတွင်း အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈ အရ နိုင်ငံခြားသားအပြည့်အဝကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီတို့ အပေါ် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကိုပြည့်မီစွာ လွှဲပြောင်း/ ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းပမာဏကို ပထမမှတ်ပုံတင်သက်တမ်း (၅)နှစ်အတွင်း သတ်မှတ်ရင်းနှီးမြှုပ်နှံမှုပြည့်မီစေရန် ထပ်တိုးထည့်ဝင်မည့် အစီအစဉ်ကို ဖော်ပြရန်၊

(၃) လက်လီ/လက်ကားရောင်းချခွင့် ပထမသက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးချိန်တွင် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကို ပထမ ၅ နှစ်သက်တမ်းအတွင်း ပြည့်မီစွာ လွှဲပြောင်း/ဖြည့်သွင်းဆောင်ရွက်ထားပြီး ကြောင်း အထောက်အထားများကို တင်ပြရန်။

(ဃ) ကုမ္ပဏီအုပ်စု **ဃ** သည် လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရန်သာဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ကန့်သတ်မှုမရှိ ဆောင်ရွက်နိုင်သည်။

၁၃။ ကုမ္ပဏီအုပ်စု **က၊ ခနှင့် ဂ သည်** ပထမနှစ်အတွင်း သတ်မှတ်ထားသော ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏကို ရာနှုန်းပြည့်လွှဲပြောင်း/ ဖြည့်သွင်းရင်းနှီးထားပြီးပါ က ထပ်တိုးရင်းနှီး မြှုပ်နှံမည့်ပမာဏအတွက် ငွေလွှဲပြောင်း/ ဖြည့်သွင်းမှု အထောက်အထားကို တင်ပြရန် မလိုအပ်ပါ။ ပြည်ပမှ ငွေလွှဲပြောင်း/ဖြည့်သွင်းမှုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားသော မြန်မာနိုင်ငံ အတွင်းရှိ မည်သည့်အစိုးရ၊ ပုဂ္ဂလိက(နိုင်ငံသား/နိုင်ငံခြားသား) ဘဏ်တွင်မဆို ဆောင်ရွက် နိုင်သည်။

## အခန်း(၄)

## ကြမ်းခင်းမြေအကျယ်အဝန်း

၁၄။ ကုမ္ပဏီအုပ်စု **ဃ** အမျိုးအစားသည် လက်လီ/လက်ကားဆိုင်တစ်ဆိုင်ချင်း၏ ကြမ်းခင်း အကျယ်အဝန်းကို ကန့်သတ်ချက်မရှိ ဆောင်ရွက်နိုင်သည်။

**လက်လီရောင်းချခြင်းဖြစ်ပါက**

၁၅။ ကုန်ပစ္စည်းရောင်းချသည့် ဆိုင်တစ်ဆိုင်ချင်း၏ အကျယ်အဝန်းသည်စတုရန်းမီတာ ၉၂၉ နှင့် အထက်ရှိရမည်ဖြစ်ပြီး ဆိုင်အဆောက်အအုံအတွင်းရှိ ရုံးခန်းနေရာငယ်နှင့် သိုလှောင်ခန်းတို့ကို ထည့်သွင်း တွက်ချက်နိုင်သည်။ သို့သော် အဆောက်အအုံပြင်ပရှိ ရုံးခန်း၊ သိုလှောင်ရုံနှင့် ကားပါကင်နေရာများကို ထည့်သွင်းတွက်ချက်ခွင့် မပြုပါ။

၁၆။ ကုန်တိုက်(Shopping mall) ဖွင့်လှစ်မည်ဆိုပါက အကျယ်အဝန်းသည် စတုရန်းမီတာ ၉၂၉ အထက်ရှိ ကုန်တိုက်ဖွင့်လှစ်ရန်အတွက် လျော်ညီသော အကျယ်အဝန်းဖြစ်ရမည်။ ကုန်တိုက် ပိုင်ဆိုင်သူ သို့မဟုတ် ကုန်တိုက်ဖွင့်လှစ်ရောင်းချသူသည် လက်လီရောင်းချခွင့်မှတ်ပုံတင် ရမည်ဖြစ်ပြီး ကုန်တိုက်အတွင်းရောင်းချသည့် ဆိုင်ခန်းတစ်ဦးချင်းအနေဖြင့် သီးခြားမှတ်ပုံတင်ရန် မလိုပါ။ သို့သော် ကုန်တိုက်အတွင်းရှိ ဆိုင်ခန်းများမှ ၎င်းတို့ရောင်းချမည့် ကုန်ပစ္စည်းအား ပြည်ပမှ တင်သွင်းလိုပါက လက်လီရောင်းချခွင့်မှတ်ပုံတင်ရရှိသည့် ကုန်တိုက်အမည်ဖြင့်လည်းကောင်း၊ ကိုယ်တိုင်တင်သွင်းလိုပါက လက်လီရောင်းချခွင့်မှတ်ပုံတင်ရရှိသည့် ကုန်တိုက်တာဝန်ရှိသူ၏ ထောက်ခံချက်ဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်၍လည်းကောင်း ဆောင်ရွက်နိုင်သည်။

**လက်ကားရောင်းချခြင်းဖြစ်ပါက**

၁၇။ လက်ကားရောင်းချမည့် ကုန်ပစ္စည်းအုပ်စုအပေါ် မူတည်၍ လက်ကားရောင်းချနိုင်ရန် လုံလောက်သည့် ဆိုင်အကျယ် အဝန်းရှိရမည်။ သိုလှောင်ရုံမှ ကုန်ပစ္စည်းကို တိုက်ရိုက်လက်ကားဖြန့်ဖြူးခြင်းကိစ္စရပ်တွင် သိုလှောင်ရုံသည် လက်ကားဖြန့်ဖြူးခြင်းအတွက် သင့်တော်သည့်နေရာတွင် ရှိရမည်။

၁၈။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမည့် တည်နေရာနှင့် အကျယ်အဝန်း မှန်ကန်မှု ရှိ မရှိ၊ သင့်တော်မှု ရှိ မရှိ နှင့်ပတ်သက်၍ စိစစ်ရာတွင် Business Plan တွင် တင်ပြပါအချက်အလက်များသည် သက်ဆိုင်ရာမြို့တော်စည်ပင် သာယာရေးကော်မတီ၏ ထောက်ခံချက်ပါအချက်အလက်များနှင့်ကွဲလွဲခြင်း သို့မဟုတ် တည်နေရာ၊ အကျယ်အဝန်းအပေါ် သံသယဖြစ်ပါက သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနများမှ ပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်မည်ဖြစ်သည်။

## အခန်း(၅)
## ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်ခြင်း

၁၉။ လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီအုပ်စု **က၊ ခ ၊ ဂ နှင့် ဃ** အမျိုးအစားအားလုံးသည် ဆိုင်အသစ်တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက ဖွင့်လှစ်ခြင်းမပြုမီ ရက်ပေါင်း (၉၀)အတွင်း ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနသို့လိပ်မူ၍ စာဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ပါရုံးနေရာများ၌ ဖော်ပြပါ အချက်အလက်များနှင့်တကွတင်ပြရမည်-

(က) **လျှောက်ထားနိုင်သည့် ရုံးနေရာ**

(၁) ရန်ကုန်မြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊

(၂) မန္တလေးမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)၊

(၃) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊

(ခ) **ပါဝင်ရမည့် အချက်အလက်/အထောက်အထား**

(၁) တိုးချဲ့ဖွင့်လှစ်မည့်ဆိုင်အသစ်(များ)၏ တည်နေရာနှင့် အကျယ်အဝန်း

(၂) ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်မည့် အမည်သည် ယခင်ဖွင့်လှစ်သည့်အမည်နှင့် မတူညီပါက ဖွင့်လှစ်မည့်ဆိုင် အမည်နှင့်အတူ Business Plan၊

(၃) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ထောက်ခံချက်၊

၂၀။ ကုမ္ပဏီအုပ်စု **က၊ ခ နှင့် ဂ** အမျိုးအစားသည် ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၈အရ သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ဆိုင်အကျယ်အဝန်း တို့နှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရမည်။

**အခန်း(၆)**

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်သက်တမ်း**

**မှတ်ပုံတင်သက်တမ်း**

၂၁။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်သက်တမ်းသည် ခွင့်ပြုသည့်နေ့မှ **(၅)နှစ်အတွင်း** အကျုံးဝင်သက်ရောက်စေရမည်။

**မှတ်ပုံတင်ကြေး**

၂၂။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေးမှာ **ကျပ် ၅၀,၀၀၀ (ငါးသောင်းကျပ်)** ဖြစ်သည်။

**မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် သက်တမ်းတိုးကြေး**

၂၃။ သက်တမ်းတိုးလျှောက်ထားခြင်းကို သက်တမ်းမကုန်ဆုံးမီ ၂ လအတွင်း ကုမ္ပဏီ letter head ပါ လျှောက်လွှာနှင့်အတူ ကုမ္ပဏီ၏ ဒါရိုက်တာစာရင်း၊ အစုရှယ်ယာစာရင်း၊ နောက် ၅ နှစ် အတွက်

လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်(ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အထားမပါ ) ဖြင့် လျှောက်ထားရမည်။ သက်တမ်းတိုးကြေးမှာ ကျပ် ၅၀,၀၀၀ (ငါးသောင်းကျပ်) ဖြစ်သည်။

**သက်တမ်းလွန်ဒဏ်ကြေး**

၂၄။ သက်တမ်းကုန်ဆုံးပြီးနောက်ပိုင်းမှ သက်တမ်းတိုးလျှောက်ထားပါက ဒဏ်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်သည်-

| **သက်တမ်းတိုးလျှောက်ထားသည့်ကာလ** | **ဒဏ်ကြေး** |
| --- | --- |
| (က) သက်တမ်းကုန်ဆုံးပြီး နှစ်လ အတွင်း | ကျပ် ၂၀,၀၀၀ ( နှစ်သောင်းကျပ်) |
| (ခ) သက်တမ်းကုန်ဆုံးပြီး လေးလအတွင်း | ကျပ် ၃၀,၀၀၀(သုံးသောင်းကျပ်) |

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်အား ဆိုင်းငံ့ခြင်း**

၂၅။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ၄ လကျော်သည်အထိ သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်အား ဆိုင်းငံ့ထားမည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီ၏ လက်လီ/လက်ကားရောင်းချရန်အတွက် ကုန်ပစ္စည်းတင်သွင်းခွင့်ကို ရပ်ဆိုင်းမည်ဖြစ်သည်။

၂၆။ လက်လီ/ လက်ကားရောင်းချခွင့်ယာယီမှတ်ပုံတင်သာ ရရှိသူသည် ယာယီမှတ်ပုံတင် ရရှိသည့်နေ့မှ ရက်(၃၀)အတွင်း ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ အနည်းဆုံးသတ်မှတ်ပမာဏကို ငွေလွှဲပြောင်း/ဖြည့်သွင်းပြီးဖြစ်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိပါက အဆိုပါယာယီ မှတ်ပုံတင်ကို ပယ်ဖျက်သွားမည်ဖြစ်သည်။

**အရေးယူခြင်း**

၂၇။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရန် သတ်မှတ်ချက်များနှင့် အကျုံးဝင်ပြီး လက်လီ/ လက်ကားရောင်းချဖြန့်ဖြူးလျက်ရှိသော်လည်း **မှတ်ပုံတင်ခြင်းမရှိကြောင်း** တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက -

(က) မှတ်ပုံတင်ရန်အတွက် ပထမအကြိမ်နှင့် ဒုတိယအကြိမ် သတိပေးအကြောင်းကြားခြင်း၊

(ခ) သတိပေးအကြောင်းကြားသည့်ကာလထက်ကျော်လွန်၍ မှတ်ပုံတင်ခြင်းမပြုပါက အဆိုပါနိုင်ငံသားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသားကုမ္ပဏီအား ရောင်းချရန်အတွက် တင်သွင်းခွင့်ပြုသည့် ၎င်းတို့၏ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ပယ်ဖျက်၍ ကုန်ပစ္စည်းတင်သွင်းခွင့်ကို ရပ်စဲမည်ဖြစ်သည်။

၂၈။ ကုမ္ပဏီအုပ်စု က၊ ခ နှင့် ဂ တို့သည် ရောင်းချမည့်ကုန်ပစ္စည်းအပေါ် ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏအား ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ဖြည့်သွင်းဆောင်ရွက်ရန် သတ်မှတ်ထားသော ကာလအတွင်း အနည်းဆုံးပမာဏကို လွှဲပြောင်း/ ဖြည့်သွင်း၍ ရင်းနှီး မြှုပ်နှံမှုမရှိခြင်း သို့မဟုတ် လွှဲပြောင်း/ဖြည့်သွင်းထားသည့် အထောက်အထားအား သတ်မှတ်ကာလ အတွင်းတင်ပြရန် ပျက်ကွက်ခြင်းများပြုလုပ်ပါက -

(က) လွှဲပြောင်း/ ဖြည့်သွင်းကြောင်းအထောက်အထားတင်ပြရန် ပထမအကြိမ်နှင့် ဒုတိယ အကြိမ် သတိပေးအကြောင်းကြားခြင်း၊

(ခ) သတိပေးအကြောင်းကြားသည့်ကာလထက်ကျော်လွန်၍ ငွေလွှဲပြောင်း/ဖြည့်သွင်း ကြောင်း အထောက်အထားတင်ပြခြင်းမပြုပါက အဆိုပါကုမ္ပဏီအား ရောင်းချရန် အတွက် တင်သွင်းခွင့်ပြုသည့် ၎င်းတို့၏ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ပယ်ဖျက်၍ ကုန်ပစ္စည်းတင်သွင်းခွင့်ကို ရပ်စဲမည်ဖြစ်သည်။